# ၆ ပိန်လှီခြင်း

ရည်မှန်းချက်ပန်းတိုင်

၂၀၂၅ ခုနှစ်တွင် ၅ နှစ်အောက်ကလေးများ ပိန်လှီခြင်းကို ၅ % အောက်ထိ လျှော့ချရန်နှင့် ထိန်းထားရန်

## ဘာကြောင့်အရေးကြီးတာလဲ

အစားအသောက်များသည် **လိုအပ်သော အာဟာရပမာဏကို မပေးနိုင်လျှင်** ကလေးများသည် ကိုယ်အလေးချိန် လျော့နည်းလာကာ ပိန်လှီလာကြသည်။

ကလေးများပိန်လှီခြင်းသည် **လူကြီးဖြစ်လာလျှင် ပုညက်ခြင်း၊ သင်ယူနိုင်စွမ်း ကျဆင်းခြင်းနှင့် ကူးစက်ရောဂါမဟုတ်သောအခြားရောဂါများ** ဖြစ်နိုင်ချေပိုများစေသည်

**ကူးစက်ရောဂါများ** ဖြစ်သော ဝမ်းပျက်ဝမ်းလျှော၊ နမိုးနီးယားနှင့် ဝက်သက်ရောဂါများကြောင့် **ကလေးသေဆုံးနိုင်ခြေ** ပိုများစေသည်။



ပိန်လှီခြင်းသည် အခြားသောအာဟာရအခြေအနေများဖြစ်သည့်

- **အရပ်ပုခြင်း**
- **ကလေးငယ်များ သာမာန်ထက်ပိုဝခြင်း**
- **မိခင်နို့တိုက်ကျွေးခြင်း**
- **အမျိုးသမီးများ သွေးအားနည်းခြင်း**
- **မွေးစကိုယ်အလေးချိန် မပြည့်ခြင်း**

တို့နှင့်လည်း ဆက်စပ်နေသည်။

## ဆောင်ရွက်သင့်သောအရာများ

### ကုသရေးလုပ်ငန်းအစီအစဉ်များ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း

**ဘာလုပ်ရမလဲ** ပိန်လှီခြင်းကို ရှာဖွေဖော်ထုတ်ပြီး ကုသသော လုပ်ငန်းများကို ပိုမိုကျယ်ပြန့်စွာ လုပ်ဆောင်ခြင်း

**ဘယ်လိုလုပ်မလဲ** ပိန်လှီခြင်းကို ဖော်ထုတ်ခြင်း၊ တိုင်းတာခြင်းနှင့် ပိန်လှီခြင်းအကြောင်းရင်းများကို ရှာဖွေခြင်း လုပ်ငန်းများကို ပိုမိုကောင်းမွန်အောင် ပြုလုပ်ပါ

### လုပ်ငန်းညှိနှိုင်းဆောင်ရွက်ခြင်း

**ဘာလုပ်ရမလဲ** သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများအကြား ညှိနှိုင်းဆောင်ရွက်မှုကို အားကောင်းစေခြင်း

**ဘယ်လိုလုပ်မလဲ** လတ်တလောအာဟာရချို့တဲ့ခြင်းကို ကုသသည့်ဗျူဟာများနှင့် ပိန်လှီခြင်းနှင့် အရပ်ပုခြင်းကို ကာကွယ်သည့်ဗျူဟာများကို ချိတ်ဆက်ပါ။

### အချက်အလက်အထောက်အထားများရှာဖွေပြုစုခြင်း

**ဘာလုပ်ရမလဲ** ပိန်လှီမှုကိုကာကွယ်ရန် ထိရောက်သောဗျူဟာများ ချမှတ်နိုင်ရန် အထောက်အထားများ ပြုစုခြင်း

**ဘယ်လိုလုပ်မလဲ** ပိန်လှီခြင်းပြဿနာကို လျှော့ချနိုင်မည့် ပေါ်လစီများ ချမှတ်နိုင်ရန်အတွက် လိုအပ်သည့် အချက်အလက်အထောက်အထားရှာဖွေပြုစုခြင်းကို အရေးကြီးလုပ်ငန်းစဉ်အဖြစ် အကောင်အထည်ဖော်ပါ

## ပိန်လှီခြင်းပြဿနာ

ကမ္ဘာတစ်လွှားတွင် **ကလေး ၅၂ သန်း** သည် အတန်အသင့် သို့မဟုတ် အလွန်အမင်း ပိန်လှီနေကြသည်

ကမ္ဘာတစ်လွှားတွင် အလွန်အမင်း ပိန်လှီခြင်းကြောင့် တစ်နှစ်လျှင် **ကလေး ၂ သန်း** သေဆုံးနေကြသည်။

ပိန်လှီသောကလေးသည် ကျန်းမာသော ကလေးထက် သေဆုံးနိုင်ခြေ **၃ ဆ** ပိုများသည်

GLOBAL TARGETS 2025 — To improve maternal, infant and young child nutrition

SUN CSA မှ မြန်မာဘာသာပြန်ဆိုသည်

World Health Organization

1,000 DAYS